## (၂) စာကိုစပိုရာရွက်ပြောက်ရောဂါ(သို့)မျက်ဆံညိုရွက်ပြောက်ရောဂါ

**(Cercospora leaf spot/ Brown eye spot)**

**ရောဂါဖြစ်စေသောသက်ရှိ - *Mycosphaerella coffeicola* (*Cercospora coffeae* A.ZIMMERM.)**

### ရောဂါလက္ခဏာ

အရွက်ပေါ်တွင်သေးငယ်သော အစိမ်းရောင်ပျက်နေသော အကွက်လေးများနှင့် အလယ်တွင် မီးခိုးရောင်ရှိသော အညို/နီညိုရောင်အကွက်ဝိုင်း များတွေ့ရသည်။ ရောဂါကွက် များကို ရွက်ကြောများကြားနှင့် ရွက်နားများတွင်တွေ့ရသည်။ ရောဂါပြင်းထန်ပါကရောဂါ ကွက်သည် ကြီးလာပြီး ပေါင်းစပ်သွားကာ ရောဂါကျ အရွက်သည် ခြောက်သွားသည်။

ကော်ဖီသီးများတွင် ရောဂါကွက်သည် အရွက်ပေါ်တွင်ဖြစ်သည့် ရောဂါကွက် များ ထက် သေးငယ်သော်လည်း တစ်ခါတစ်ရံတွင် အသီးတစ်ခုလုံးကို ရောဂါကွက်များဖြင့် ဖုံးအုပ်ထားသည်။ ယေဘူယျအားဖြင့် ရောဂါကွက်သည် ပုံသဏ္ဍာန် ပုံမှန်မရှိဘဲ အညို ရောင်ဖြစ်ကာ အဓိကအားဖြင့် နေရောင်နှင့်ထိတွေ့သော ဘေးဘက်တွင် ဖြစ်ပေါ်သည်။ ကော်ဖီသီးစိမ်းနေသေးချိန်တွင် စတင်ဖြစ်နိုင်ပါသည်။





ကာကွယ်နှိမ်နင်းနည်းများ

- ခံနိုင်ရည်ရှိသော မျိုးကိုစိုက်ပါ။

- ရောဂါရပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Mancozeb (မန်ကိုဇက်)၊ Thiophanate methyl (သိုင်အိုဖါနိတ်မီသိုင်း)၊ Copper oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)၊ Copper hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)၊ စသော မှိုသတ်ဆေးများဖြင့် အသုံးပြုပက်ဖျန်းနိုင်သည်။